# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၈၈)၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ၂၆-၂-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ နှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ★

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မိုး/ဓလ**

၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီ ၂၆ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး

# လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပြည့်မီစေရေး ဆောင်ရွက်လျက်ရှိ

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏ လက်ရှိမူဝါဒ၊ လမ်းညွှန်မှုများအရ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ကော်မရှင်၏ ပဉ္စမအကြိမ်အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ကော်မရှင်စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ တစ်နှစ်နှင့် နှစ်လကာလအတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ကော်မရှင်အစည်းအဝေးများတွင် နိုင်ငံတော်က ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်(၁၅)ရပ်ကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်က ချမှတ်ပေးခဲ့သည့် မူဝါဒလမ်းညွှန်မှုများကိုအခြေခံ၍ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ရရှိနိုင်မည့်ခံစားခွင့် (Opportunities and incentives)များကို ရှင်းလင်းချပြပြီး နိုင်ငံ့စီးပွားရေးကဏ္ဍ အထောက်အကူပြုစေရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ကော်မရှင်စတင်ဖွဲ့စည်း ချိန်မှ ယနေ့အထိ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်မှုအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံအသစ်များဖြစ်သည့် သာစည် ၄၀ မဂ္ဂါဝပ်ကို အမျိုးသားဓာတ်အားကွန်ရက်နှင့် ချိတ်ဆက်ပို့လွှတ်နေပြီး သပြေဝ ၄၀ မဂ္ဂါဝပ်ကိုလည်း မတ်လဆန်းတွင် ထပ်မံချိတ်ဆက်ပို့လွှတ်နိုင်မည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ခဲ့သည့် LNG စီမံကိန်း (၅၀၀ မဂ္ဂါဝပ်)၏ ဓာတ်အားပေးစက်ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်တွင် စီးပွားဖြစ်ဓာတ်အား ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ရေအားလျှပ်စစ်သည် သန့်ရှင်းသည့် ပြန်ပြည့်မြဲစွမ်းအင်ဖြစ်ပြီး ထုတ်လုပ်မှုစရိတ်သက်သာသောကြောင့် နိုင်ငံတော်အနာဂတ် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင်လည်း မိမိတို့နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်၊ စံနှုန်းများအပြင် နိုင်ငံတကာ၌ ဆောင်ရွက်နေသည့် သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့်လည်း ရေမြေသဘာဝနှင့် လူမှုစီးပွားရေးလုပ်ငန်း ပိုမိုကောင်းမွန်စေရန်၊ အစဉ်အမြဲသုံးစွဲနိုင်ရန်၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်၊ စွမ်းအင်ကဏ္ဍတွင် AI နည်းပညာအသုံးပြုပြီး ပါးလွှာသဲကြောများမှ သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး Pilot Project လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ရေနံမြေအဟောင်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းပြီး တွင်းစားစနစ်(Well by Well Basic)နှင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လက်မှတ်ရေးထိုးပြီး လုပ်ငန်းများဆောင်ရွက်နေကြောင်း၊ ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် 2 D Seismic လုပ်ငန်းများဆောင်ရွက်ပြီး တူးဖော်ထုတ်လုပ်ရေးအတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ မုတ္တမကမ်းလွန်လုပ်ကွက် M 10 (မင်းရဲသူစီမံကိန်း)အတွက် Production Sharing Contract ကို ချုပ်ဆိုပြီးဖြစ်ပါကြောင်း၊ အမှတ်(၁)ရေနံချက် စက်ရုံ (သန်လျင်)၏ စက်ရုံသစ်စီမံကိန်း Phase I ကိုလည်း မကြာမီ စတင်လည်ပတ်နိုင်မည်ဖြစ်၍ ၁၉၈၂ ခုနှစ်တွင် နောက်ဆုံးဖွင့်လှစ်ခဲ့သည့် သံပရာကန်ရေနံချက်စက်ရုံပြီးနောက် ပထမဆုံးဖွင့်လှစ်နိုင်သည့် ရေနံချက်စက်ရုံကြီးဖြစ်ကြောင်း ပြောကြားသည်။

လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင်အနေဖြင့် နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပြည့်မီစေရေးရနိုင်သည့် အရင်းအမြစ်များမှ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော် ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ကိုရီးယားနိုင်ငံသို့ ပိန်းရိုးခြောက် တင်ပို့လိုသည့်ကုမ္ပဏီများအား ဖိတ်ခေါ်

ကိုရီးယားနိုင်ငံမှ ပိန်းရိုးခြောက် ဝယ်လိုအားရှိသဖြင့် တင်ပို့လိုသည့်ကုမ္ပဏီများအား မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဖိတ်ခေါ်ထားသည်။



ကိုရီးယားသမ္မတနိုင်ငံ၊ Incheon မြို့ရှိ Fresh Leaders Co.,Ltd.သည် ဗီယက်နမ်၊ ထိုင်းနှင့် တရုတ်နိုင်ငံများမှ လယ်ယာထွက်ကုန်များကိုတင်သွင်းကာ ကိုရီးယားပြည်တွင်းရှိ နာမည်ကြီးကုမ္ပဏီများဖြစ်သည့် Ottogi Corporation နှင့် CJ Group တို့သို့ ဖြန့်ဖြူးပေးလျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

လက်ရှိတွင် ကိုရီးယားအမဲသားစွပ်ပြုတ်(အစပ်အရသာ)ထုတ်လုပ်ရာတွင် ပါဝင်ပစ္စည်းအဖြစ် အသုံးပြုရန် ပိန်းရိုးခြောက် ဝယ်လိုအားရှိနေသဖြင့် မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းလိုကြောင်း မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အကြောင်းကြားထားသည်။

ထို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံသို့ ပိန်းရိုးခြောက်တင်ပို့လိုသည့် အသင်းဝင်ကုမ္ပဏီများအနေဖြင့် အသင်းရုံး ဖုန်းနံပါတ် 0943127656 (Viber)သို့ ကုမ္ပဏီအမည်၊ ဆက်သွယ်ရန် ပုဂ္ဂိုလ်အမည်၊ ရာထူးနှင့် ဖုန်းနံပါတ် (Viber)တို့ကို ပေးပို့ဆက်သွယ်နိုင်ကြောင်း အသိပေးကြေညာထားသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ ရွာလယ်လမ်းမကြီးတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၁၁၀ လမ်း၊ ၄၅ လမ်းနှင့် ၄၆ လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃ လမ်းထောင့်တို့တွင် ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀



# အလုပ်သင်ဆရာဝန်များ လူထုဆေးပညာ ကွင်းဆင်းလေ့လာ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်(မန္တလေး)မှ အလုပ်သင်ဆရာဝန်များ လူထုဆေးပညာကွင်းဆင်းလေ့လာခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ ၂၆ လမ်းနှင့် လမ်း ၃၀ ကြား၊ အောက်ကမ်းနားလမ်းနှင့် အနောက်သင်္ချိုင်းဗျောင်းပတ်လမ်းရှိ အကွက်(၂၂၄၊ ၂၂၅၊ ၂၂၆)တို့တွင် ကွင်းဆင်းလေ့လာဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်(မန္တလေး)ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ချမ်းမြေ့အောင် ဦးဆောင်၍ အလုပ်သင်ဆရာဝန် ၃၈ ဦးပါဝင်သောအဖွဲ့သည် လူထုဆေးပညာ ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ရာအိမ်မှူးများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

လူထု ဆေးပညာကွင်းဆင်း ဆောင်ရွက်ရာတွင် အိမ်ခြေ ၂၅၀၊ အိမ်ထောင်စု ၂၇၆၊ လူဦးရေ ၈၃၂ ဦးအား လေ့လာ၍ ကွင်းဆင်းစာရင်းကောက်ယူခဲ့ပြီး ကွင်းဆင်းကုသခြင်းလုပ်ငန်းအား မတ် ၃ ရက်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၁)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**★ လွှတ်တော်ကျင်းပဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံရေးအစိုးရများ မည်သို့ပင်ပြောင်းလဲသည်ဖြစ်စေ တပ်မတော်သည်ပြောင်းလဲမှုမရှိခြင်းကြောင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး**

★ ရှေ့ဖုံးမှ

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်နှင့် လေတပ်တို့အကြား အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များသွားရောက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ပြည်သူများအနေဖြင့် အားတက်သရော ပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး ယခုအချိန်အထိ အဆိုပါ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကြီးမားသည့်ကန့်ကွက်မှုများမရှိခြင်းကြောင့် အောင်မြင်သည့် ရွေးကောက်ပွဲ တစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ မကြာမီကာလအတွင်း လွှတ်တော်ကျင်းပ ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံရေးအစိုးရများ မည်သို့ပင်ပြောင်းလဲသည်ဖြစ်စေ တပ်မတော်သည်ပြောင်းလဲမှုမရှိခြင်းကြောင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ကရသူရိဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ-(၆) ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၁၈၅၅ ဒသမ ၉၆ ဧကရှိသောနယ်မြေကို **"ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၆ )အရ ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၃ ရက် (၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောသစ်မျိုးများနှင့် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ သဘာဝဒီရေတောများ ပျက်စီးပြုန်းတီးခြင်းမှကာကွယ်ရန်၊ ရေသယံဇာတနှင့်ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ ပင်လယ်ပြင်မှဖြစ်ပေါ်လာသောလှိုင်းဒဏ်၊ လေမုန်တိုင်းခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ်ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ကဏန်း၊ ပုစွန်စသည့် ရေသယံဇာတများ ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေဝင်ရောက်မှုများမှ တားဆီးကာကွယ်နိုင်ရန်၊ ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု အထောက်အကူပြုနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်လုပ်ကိုင်မှု ပိုမိုကောင်းမွန်လာစေပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။



ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ

**"ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော"** သတ်မှတ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ရာသီဥတုနှင့် ဒေသအတွက် အကျိုးပြုသောဒီရေတောများ ဖြစ်ထွန်းလာမည်ဖြစ်ခြင်း၊ ဒီရေတော ဂေဟစနစ်ကို ရေရှည်တည်တံ့စေခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ကမ်းရိုးတန်း ရေတိုက်စားမှုနှင့် မုန်တိုင်းဒဏ်စသည့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ခြင်း၊ ဒီရေတောသစ်မျိုးများဖြစ်သော ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ သမဲ့ကြီး၊ သမဲ့ကျက်တက်၊ လမု၊ လဘာ၊ ပင်လယ်အုန်း၊ ကျနု၊ သမဲ့ဖြူနှင့် ဓနိပင်စသည့်ဒေသသစ်မျိုးများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ခရုစုတ်ငှက်၊ စွန်ခေါင်းဖြူ၊ မျောက်၊ တင်ကျီးငှက်စသည့် ငှက်မျိုးများနှင့် မိကျောင်းများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါး၊ ကဏန်း၊ ပုစွန်စသည့် ရေနေသတ္တဝါများ၏ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောထိန်းသိမ်းမည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်နိုင်မည်ဖြစ်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး ရာသီဥတုမျှတကောင်းမွန်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်သင်ကြားပေးမည်

**မကွေး ဖေဖော်ဝါရီ ၂၅**

ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်များတွင် အသိပညာဗဟုသုတ တိုးပွားလာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ဖြစ်လာစေရန်နှင့် အားလပ်ရက်များတွင် အချိန်ကို အကျိုးရှိရှိသုံးစွဲနိုင်စေရန် ရည်ရွယ်၍ မကွေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

အခြေခံပန်းချီရေးဆွဲရာတွင် အခြေခံအချက်များဖြစ်သည့်ပုံသဏ္ဌာန်(Shape)၊ အရောင်(Color)၊ မျဉ်းကြောင်း(Line)၊ အလင်းအမှောင် (Light and Shade)နှင့် ဖွဲ့စည်းတည်ဆောက်ပုံ၊ အရောင်သုံးစွဲနည်းများ၊ ပုံကြမ်းရေးဆွဲနည်း၊ အချိုးအစားမှန်ကန်အောင် ချိန်ညှိနည်းနှင့် အရောင်ခြယ်နည်းများကို ကျွမ်းကျင်ပန်းချီဆရာများက မတ် ၉ ရက်မှ ၂၆ ရက်အထိ နံနက် ၉ နာရီမှ ၁၁နာရီအထိ အခြေခံပညာ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

○ စာမျက်နှာ ၂၄ မှ

အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီမဟာသရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ဗိုလ်လောင်း တပ်ခွဲများအား လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီမဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၉) မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၉၊ ဗိုလ်လောင်း ရဲထွဋ်အောင်အား ငွေဓားဆု ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် **“တပ်မတော်(ကြည်း)တွင် အရည်အချင်းပြည့်ဝသော အရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်”**ဆိုသည့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၏ ရည်ရွယ်ချက်နှင့်အညီ စစ်ဘက်ခေါင်းဆောင်ငယ်များ အဖြစ် လေ့ကျင့်သင်ယူတတ်မြောက်ခဲ့ပြီးဖြစ်၍ စစ်မြေပြင်နှင့်လက်တွေ့နယ်ပယ်များတွင် တာဝန်ထမ်းဆောင်ကြမည့်သူများကို သိသင့်သိထိုက်သည့် မှာကြားစရာရှိသည်များကို အလေးအနက်ထား မှာကြားသွားမည်ဖြစ်ကြောင်း။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည် ပေါက်ဖွားလာခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) မှတစ်ဆင့် ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)၊ ဗမာ့အမျိုးသားတပ်မတော်(BNA)၊ မျိုးချစ်ဗမာ့တပ်မတော်(PBF)နှင့် ဗမာ့တပ်မတော် (Burma Army) အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး မြန်မာ့လွတ်လပ်ရေးကို ပြည်သူ့ရှေ့က ဦးဆောင်မှုပြုကာ ရယူကာကွယ်ထိန်းသိမ်းလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင်လည်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုစနစ်ဆိုးများနှင့် သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံအတွင်း ဝါဒစွဲကြီးမားမှုတွေကိုအခြေခံပြီး ဂိုဏ်းဂဏကွဲပြားမှုတွေက တစ်ဆင့် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို ကြုံတွေ့လာခဲ့ရသည့် အတွက် နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရမည့် တပ်မတော်အနေဖြင့်ဒွိတာဝန်အရေးသုံးပါးကို စောင့်ထိန်းပြီး ပြည်သူများနှင့်အတူ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းနေရခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဖြေရှင်းမှုကာလသမိုင်းစဉ်များတွင် တပ်မတော်၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုများနှင့် ယနေ့မျက်မှောက်ကာလ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ဦးဆောင်ပါဝင်ဆောင်ရွက်နေမှုများကို ကြည့်မည်ဆိုပါက တပ်မတော်သည် မျိုးချစ်စိတ်ကိုအခြေခံပြီး သန္ဓေတည် ပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မကြာမီ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်သူများအနေဖြင့် မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ဖွဲ့ဝင်များအပေါ် မှန်ကန်သည့် ခေါင်းဆောင်မှုနှင့် ဦးဆောင်လမ်းပြနိုင်ရန် လိုအပ်သကဲ့သို့ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံအောင်လည်း တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုဆိုသည်မှာ အလိုလိုတတ်မြောက်စေသည့် ပညာရပ်မဟုတ်ဘဲ ကိုယ်တိုင်လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်မှုမှ ကြုံတွေ့ရသည့် အတွေ့အကြုံများမှသာ ခေါင်းဆောင်မှု ပညာကို တတ်မြောက်ကြခြင်းဖြစ်ကြောင်း၊ မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် မျှတသည့်စိတ်ထား၊ မှန်ကန်သည့် သဘောထားနှင့် လက်အောက်ငယ်သားများအပေါ် ကျောသား၊ ရင်သား မခွဲခြားဘဲ တော်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ်ရန်နှင့် ကိုယ်ကျင့်တရားမြင့်မားရိုးသားစွာ နေထိုင်သွားကြရန် လိုအပ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီမဟာသရေစည်သူ စိုးဝင်း အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၉၊ ဗိုလ်လောင်း ရဲထွဋ်အောင်အား ငွေဓားဆု ချီးမြှင့်ပေးအပ်စဉ်။

**❖ တပ်မတော်အနေဖြင့်လည်း စတင်ပေါက်ဖွားခဲ့သည့်အချိန်ကစ၍ ယနေ့အချိန်အထိ ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခြင်းသည် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများ၏ စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုတွေကြောင့်ပင်ဖြစ်သည့်အတွက် စည်းကမ်းနှင့်ပတ်သက်လာပါက အသေးအဖွဲ့ကအစ တိတိကျကျစောင့်ထိန်းလိုက်နာကြရန်လို**

သင်တန်းကာလတစ်လျှောက်လုံးတွင် စစ်မှုအတတ်ပညာရပ်များနှင့် စစ်ဘက်ခေါင်းဆောင်မှုပညာရပ်များကို လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည့်အတွက် တပ်မတော်မှာ ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ချက်အတိုင်း လက်တွေ့လုပ်ငန်းခွင်တွင် မိမိကွပ်ကဲရသည့် လက်အောက်ငယ်သားများအပေါ် မိဘသဖွယ် စိတ်ဓာတ်၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်များနှင့် ကွပ်ကဲကြပ်မတ်ရမည် ဖြစ်သကဲ့သို့ ကိုယ်တိုင်ကလည်း စိတ်ဓာတ်၊ စည်းကမ်းအရာမှာ စံနမူနာပြဖြစ်ပြီး မိမိအဖွဲ့အစည်းက အားကိုးအားထားရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

အဖွဲ့အစည်းတစ်ခု၏ အောင်မြင်တိုးတက်မှု၊ ဆုတ်ယုတ်ကျဆင်းမှုသည် အဆိုပါအဖွဲ့အစည်းကို ဦးဆောင်သည့် ခေါင်းဆောင်တစ်ဦးအပါအဝင် ကွပ်ကဲမှုအောက် ဖွဲ့စည်းထားသည့် အရာရှိ၊ စစ်သည်များအားလုံး၏ သင်ကြားပြီးသား စစ်မှုအတတ်ပညာကို တိုက်ပွဲစွမ်းအားများနှင့် စနစ်တကျပေါင်းစပ်အသုံးချတတ်မှု၊ ကြိုးစားအားထုတ်မှုနှင့် စစ်စည်းကမ်းလိုက်နာမှုတို့ အပေါ်တွင် များစွာအခြေတည်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။ တပ်မတော်အနေဖြင့်လည်း စတင်ပေါက်ဖွားခဲ့သည့် အချိန်ကစ၍ ယနေ့အချိန်အထိ ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခြင်းသည် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများ၏ စစ်စည်းကမ်း ကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုတွေကြောင့်ပင် ဖြစ်သည့်အတွက် စည်းကမ်းနှင့်ပတ်သက်လာပါက အသေးအဖွဲ့ကအစ တိတိကျကျစောင့်ထိန်းလိုက်နာကြရန် လိုအပ်ကြောင်း၊ စည်းကမ်းသည် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မလုပ်သင့်၊ မလုပ်ထိုက်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်၏ စစ်သည်တော်ကျင့်ဝတ် (၆၀) ပါးသည် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းထားသည့် စည်းကမ်းချက်များ ဖြစ်သည့်အတွက် လိုက်နာရန် လိုအပ်သကဲ့သို့ တပ်မတော်အက်ဥပဒေပါ ပြစ်မှု (၄၁)မျိုးမှာ မလုပ်ဆောင်သင့်၊ မလုပ်ဆောင်ထိုက်သည်များကို တားမြစ်ထားသည့် စည်းကမ်းချက်များ ဖြစ်သည့်အတွက် ရှောင်ကြဉ်ကြရန် လိုအပ်ကြောင်း၊ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်နှင့် အမိန့်များကို လိုက်နာမှုအားနည်းလျှင်ဖြစ်စေ၊ မလိုက်နာနိုင်လျှင်ဖြစ်စေ အဆိုပါတပ်သည် အောင်မြင်မှုနှင့် တဖြည်းဖြည်းဝေးကွာပြီး အရှုံးများနှင့်သာ ကြုံတွေ့ရမည်ဖြစ်ကြောင်း။

တပ်မတော်သားများသည် မိမိနိုင်ငံကို ကာကွယ်လိုသည့်စိတ်နှင့် တပ်မတော်သို့ မိမိတို့၏ သဘောဆန္ဒအလျောက် ဝင်ရောက်တာဝန်ထမ်းဆောင်ကြသည့် နိုင်ငံသားများဖြစ်သည့်အတွက် ပြဋ္ဌာန်းထားသော စစ်ဘက်ဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းဥပဒေများကို တိတိကျကျလိုက်နာဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ နိုင်ငံသားတစ်ဦးအနေဖြင့်လည်း နိုင်ငံတော်က ချမှတ်ထားသည့် တည်ဆဲဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လိုက်နာကြရသူများဖြစ်ကြောင်း၊ ထို့ပြင် တပ်မတော်သည် စည်းကမ်းကို အဓိကမဏ္ဍိုင်ပြုပြီး တည်ဆောက်ထားခြင်းကြောင့် စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည် ဖြစ်ပြီး လက်အောက်ငယ်သားများကိုပါ စည်းကမ်းလိုက်နာမှု ရှိစေရေး ကြပ်မတ် ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရမည့်သူများ အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်နေရမည် ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ယောက် ဖြစ်သည်နှင့်အညီ ပေးအပ်လာသည့် တာဝန်များကို အချိန်မရွေး၊ နေရာမရွေး ထမ်းဆောင်နိုင်ရမည် ဖြစ်၍ ကျန်းမာကြံ့ခိုင်မှုရှိအောင် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်ရေးအတွက် လေ့ကျင့်ရေးကသာ တည်ဆောက်ပေးနိုင်ခြင်းဖြစ်၍ မိမိကွပ်ကဲအုပ်ချုပ်ရသည့် စစ်သည်များကို စွမ်းဆောင်ရည်မြင့်မားအောင် စနစ်တကျ တိုက်ပွဲကာလပြင်ပ ရသည့်အချိန်တိုင်းတွင် စစ်ပညာရပ်များကို အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ပေးနေရန် အထူးပင်လိုအပ်ကြောင်း၊ သို့မှသာ သင်ယူတတ်မြောက်ထားသည့် စစ်အတတ်ပညာရပ်များကို ကျွမ်းကျွမ်းကျင်ကျင် အသုံးချနိုင်မည်ဖြစ်သည့်အပြင် တိုက်ပွဲတိုင်းကို အောင်မြင်မှုရရှိရမည်ဆိုသည့် ယုံကြည်ချက်သည်လည်း အရာရှိ၊ စစ်သည်များ၏ ရင်ထဲ၊ အသည်းထဲတွင် စွဲမြဲယုံကြည်နေမည်ပင်ဖြစ်ကြောင်း။

ထို့ပြင် ကျန်းမာရေးနှင့် ဘဝကို ထိခိုက်စေနိုင်သည့် အရက်၊ ကွမ်းယာ၊ ဆေးလိပ်နှင့် လောင်းကစားမှုများကို ရှောင်ကြဉ်ကြရမည်ဖြစ်ပြီး မိမိကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကို အသိစိတ်နှင့် ထိန်းသိမ်း ရှောင်ကြဉ်ကြရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးစွဲတတ်ရမည် ဖြစ်ကြောင်း၊ အသောက်အစား၊ အပျော်အပါးကင်းသည့် တပ်မတော်သားဘဝကို တည်ဆောက်ရမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်မှုရှိအောင် ကျင့်ကြံနေထိုင်သွားကြရန်လို ကြောင်း။

စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိစေရန်အတွက် သုတ၊ ရသ စာပေများအပြင် မျက်မှောက်ခေတ်စစ်ပညာရပ်များနှင့်ဆိုင်သည့် ဂျာနယ်များ၊ စာအုပ်စာပေများကို ရှာဖွေဖတ်ရှုရန် လိုအပ်မည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် အတွေးအခေါ်နှင့် အယူအဆများကို မြင့်မားစေသည့်အပြင် ကိုယ်ကျင့်တရားနှင့် အသိပညာကောင်းများကို ရရှိစေနိုင်မည်ဖြစ်သည့်အတွက် အလေးထား လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်တစ်ရပ် အရည်အချင်း ပြည့်ဝရန်အတွက် လေ့ကျင့်ရေးသည် အသက်သွေးကြောပင် ဖြစ်ကြောင်း၊ ခေါင်းဆောင်ငယ်များ ကျွမ်းကျင်တတ်မြောက်အပ်သည့် စစ်ဘက်ခေါင်းဆောင်မှုပညာ၊ စစ်နည်းဗျူဟာနှင့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားရမည် ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ကိုင်တွယ်အသုံးပြုသည့် စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန် လိုကြောင်း၊ တစ်ဦးချင်းစီ၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီ အလိုက် စစ်ရေးအသိ၊ စစ်ရေးသတိ၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ ရှိရန် လိုအပ်ပြီး နိုင်ငံတော်ကာကွယ်ရေး၊ စာမျက်နှာ ၅ သို့ ○

○ စာမျက်နှာ ၄ မှ

လုံခြုံရေးနှင့် ပတ်သက်လာပါက ဖြစ်ပေါ် လာနိုင်သည်များကို အဆင့်နှင့်လျော်ညီစွာ ကြိုတင်မြော်တွေး ပြင်ဆင်လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ် စစ်လက်နက်နည်းပညာများ၊ စစ်နည်းဗျူဟာများသည် တိုးတက်ပြောင်းလဲလျက်ရှိပြီး ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ် လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ **"ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်"** ဆိုသည့် တပ်မတော်၏ လေ့ကျင့်ရေးမူဝါဒများနှင့်အညီ စိတ်ပိုင်းရော ရုပ်ပိုင်းပါ အစဉ်ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ် လေ့ကျင့်နေကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ ကျန်းမာကြံ့ခိုင်ပြီး သင်ယူထားသည့် စစ်ပညာရပ်များကို ကျွမ်းကျင်စွာ အသုံးချနိုင်သည့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော စစ်သည်တော်ကောင်းများ ဖြစ်လာကြမည်ဖြစ်ကြောင်း။

သင်ကြား လေ့ကျင့်ပေးလိုက်သည့်ပညာရပ်များသည် အခြေခံသဘောမျှသာ ဖြစ်သည့်အတွက် လက်တွေ့ အသုံးချသည့်အခါ ခေါင်းဆောင်ငယ်များပီပီ ထိုးထွင်းကြံဆတီထွင်လုပ်ကိုင်ဆောင်ရွက်တတ်မှုနှင့် သင်ကြားလေ့ကျင့်ခဲ့သည့်ပညာရပ်များကို ပေါင်းစပ်ပြီး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြမည့် တပ်မတော်သားများ အနေဖြင့် ကာကွယ်ရေးစွမ်းရည် ပြည့်ဝစေရန် **"အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်ရမည်"** ဆိုသည့် မြဲသုံးမြဲနှင့် ပြည့်စုံအောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်ကို စွမ်းအားပြည့် ကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် အခြားနိုင်ငံများနည်းတူ မိမိတို့တပ်မတော်ကိုလည်း တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝသည့် ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ကြိုးစားတည်ဆောက်နေသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ဆိုသည်မှာ စစ်သည်တစ်ဦးချင်းစီ၏ အရည်အသွေး၊ အရည်အချင်းများပေါင်းဖြစ်ပြီး အဆိုပါအရည်အသွေး၊ အရည်အချင်းမြင့်မားရန်အတွက် အမြဲပဲ လေ့ကျင့်နေရမည်ဖြစ်သကဲ့သို့တိုက်စွမ်းအားဆိုသည်မှာ စစ်လက်နက်စွမ်းပကား၊ ယာဉ်ယန္တရားများနှင့် ခေတ်မီစစ်ဝတ်တန်ဆာများကို စွမ်းအားပြည့် အသုံးချနိုင်မှုပင် ဖြစ်ကြောင်း၊ တိုက်စွမ်းရည် မြင့်တက်စေရန်အတွက် နည်းပညာဖွံ့ဖြိုးမှုနှင့်အညီ ပေါ်ပေါက်လာသည့်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်း ထူးချွန်ဆုရဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

စစ်လက်နက်ပစ္စည်းများကို အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

တပ်မတော် တစ်ရပ် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား နိမ့်ကျသွားသည်နှင့်အမျှ အခြားနိုင်ငံများ၏ ထိပါးစော်ကားခြင်း၊ ဗိုလ်ကျစိုးမိုးခြင်းနှင့် ခြိမ်းခြောက်ခြင်းများကို ခံရမည်ဖြစ်ကြောင်း၊ တပ်မတော် အနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝအောင် လေ့ကျင့်ရေးကဏ္ဍများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန် နည်းစနစ်တကျ မခိုမကပ်ဘဲ ရရှိသည့်အချိန်တိုင်းတွင် အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တပ်မတော် အနေဖြင့် လွတ်လပ်ရေးရပြီး နောက်ပိုင်း ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ် အထိ ပြည်ပကျူးကျော်မှုအန္တရာယ်၊ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်း၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်း၊ ၂၀၂၁ ခုနှစ် နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ခေတ္တထိန်းသိမ်းရတဲ့အချိန်အတွင်း ဆူပူအကြမ်းဖက်မှုနှင့် စစ်ရေးခြိမ်းခြောက်မှုများ၊ ကိုဗစ်အန္တရာယ်ဆိုး၊ ၂၀၂၃ ခုနှစ် အဖျက်စွမ်းအားကြီးမားတဲ့ မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်မှာ နှစ်ပေါင်း ၁၀၀ အတွင်းတစ်ကြိမ်သာ ဖြစ်ပေါ်ဖူးတဲ့ ရာဂီမုန်တိုင်း၏ နောက်ဆက်တွဲ ရေကြီးရေလျှံမှု၊ ၂၀၂၅ ခုနှစ်မှာ ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိသည့် မန္တလေး၊ စစ်ကိုင်းငလျင် ဘေးဆိုးကြီးစသည့် နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားလှသည့် အရေးကိစ္စတို့နှင့် ကြုံတွေ့ခဲ့ချိန်တိုင်းတွင် နိုင်ငံတော်နှင့် ပြည်သူ၏ အကျိုးစီးပွားအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူပြီး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ထက်သန်စွာနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များနှင့် သဘာဝဘေးဒဏ် ခံစားနေကြရသည့် ပြည်သူလူထုများ၏ ဘေးဆိုးအန္တရာယ်များကို လူ့အသက်ထက် မည်သည့်အရာမှ အရေးမကြီးဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ ညွှန်ကြားချက်အတိုင်း အထက်အဆင့်ဆင့် အမိန့်စောင့်စရာမလိုဘဲ ဖြစ်စဉ်နေရာ၌ ဦးစွာရောက်ရှိပြီးသဘာဝဘေးဆိုးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းပေးခဲ့ရသကဲ့သို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်း မူလအဆင့်အတန်းထက် ပိုမိုမြင့်မားစေရေး ရည်မှန်းဆောင်ရွက်ရန် လမ်းညွှန်ချက်ကိုလည်း သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်လျက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အားကြိုးမာန်တက်နှင့် ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို အားလုံးသိမြင်ကြပြီးဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေချိန်တွင် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အမျိုးသား အကျိုးစီးပွားကို ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၈)၊ ပုဒ်မ ၃၈၃ တွင် **"နိုင်ငံသားတိုင်းသည်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်"**ဟုပြဋ္ဌာန်းထားပြီးဖြစ်သောကြောင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဦးဆွေးဆံမြည့် ကာကွယ် စောင့်ရှောက်သွားကြရန် အထူးမှာကြားလိုကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်၏ ပကတိလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းရေးပင် ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရှိမှသာ ခိုင်မာတိုးတက်သည့် လူမှုစီးပွားဘဝများကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထု၏ လမ်းပန်း ဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု အခက်အခဲများဖြစ်ပေါ်စေရန်ရည်ရွယ်ပြီး လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိကြောင်း။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အကြမ်းဖက်သမားများ ခိုအောင်းလျက်ရှိသည့် မြို့နယ်အချို့ကို စစ်အုပ်ချုပ်ရေးအမိန့်များ ထုတ်ပြန်ခဲ့ပြီး တပ်မတော်က နယ်မြေတည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်လျက် ရှိကြောင်း၊ ယခုအခါ တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အကြမ်းဖက်သမားများသည် ခိုအောင်းနေသည့် မြို့ရွာ တောတောင်များများမှ ဆုတ်ခွာ ထွက်ပြေးနေကြပြီ ဖြစ်သကဲ့သို့ NUG၊ CRPH နှင့် အချို့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားအချို့သည်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ယုံကြည်လက်ခံလာပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ ဥပဒေဘောင်အတွင်း တဖွဲဖွဲဝင်ရောက်လာမှု အနေဖြင့် ၂၀၂၁ ခုနှစ်မှ ယနေ့ထိ အလင်းဝင် စုစုပေါင်း ၁၃၄၁ ဦး ရှိနေပြီး ဆက်လက်၍လည်း အလင်းဝင်ရောက်ရန် ဆက်သွယ်နေကြဆဲဖြစ်ကာ အမှောင်ကာလအတွင်း ဥပဒေနှင့်ငြိစွန်းခြင်းမရှိသည့် အလင်းဝင်ရောက်သူများကို နိုင်ငံတော်နှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့ အသီးသီးတို့မှ ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုခဲ့ကြပြီး မိဘဆွေမျိုးရင်ခွင်အတွင်းသို့ လိုအပ်သည့်၊ တတ်နိုင်သည့် ထောက်ပံ့ပေးမှုများနှင့် လွှဲပြောင်းပေးခဲ့ရာ အလင်းဝင်ရောက်သူများ အနေဖြင့်လည်း စိတ်လက်ချမ်းသာစွာဖြင့် မိသားစုများနှင့် အေးချမ်းပျော်ရွှင်နေကြပြီ ဖြစ်ကြောင်း။

နယ်မြေတည်ငြိမ်အေးချမ်းရေး ပြန်လည်ရယူနိုင်ခဲ့သည့် မြို့နယ်များကို အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်ဆောင်ရွက်နိုင်ရေး၊ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေး၊ ကျောင်းနေအရွယ် ကလေးများ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဒေသခံ တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ အေးချမ်းစွာ လုပ်ကိုင် စားသောက်နိုင်ရေးအတွက် နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပေးအပ်လာသည့် တာဝန်မှန်သမျှကို မမိုတ်မသုန် ကျေကျေပွန်ပွန် ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အလွန်ရုပ်ဆိုး အကျည်းတန်သည့် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(စ)ပါ **"တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"**ဆိုသည့် ပြဋ္ဌာန်းချက်အတိုင်း တပ်မတော်သည် အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်ခဲ့ရသည်နှင့်အညီ တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး ဆိုသည့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်နှင့်အညီ နိုင်ငံတော်ကို ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်အောင် ရှေ့လုပ်ငန်းစဉ်များ၊ဦးတည်ချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ဒီမိုကရေစီစနစ်တွင် လွတ်လပ်ပွင့်လင်းပြီး တရားမျှတသည့် ရွေးကောက်ပွဲသည် အရေးကြီးဆုံးဖြစ်ခြင်းကြောင့် ၂၀၂၃ ခုနှစ် လောက်မှစတင်ပြီး ရွေးကောက်ပွဲအတွက် တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သည်များကို ပြင်ဆင်စီမံခဲ့ရာမှ နောက်ဆုံး လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှစ၍ အပိုင်း ၃ ပိုင်းခွဲပြီး အောင်မြင်စွာ ကျင်းပပြုလုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်း အနက် ၁၃ ဒသမ ၁၃ သန်း လာရောက်မဲပေးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း ပြည်သူများက ဆန္ဒမဲပေးခဲ့ကြသည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် တပ်မတော်အနေဖြင့် လုံခြုံရေးပိုင်း အပါအဝင် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့သလို နိုင်ငံတော်အစိုးရမှလည်း တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရန်အတွက် နိုင်ငံတကာမှ ရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်၍ လာရောက်လေ့လာစေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုက လွတ်လပ်၍တရားမျှတစွာရွေးချယ်ပေးလိုက်သည့် ရွေးကောက်ပွဲက ပေါ်ထွန်းလာမည့် ရွေးကောက်ခံအစိုးရထံ နိုင်ငံတော်တာဝန်များကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ

စာမျက်နှာ ၆ သို့ ○

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၉) သီဟတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ဗထူးမြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်ရာထူးခန့်ထားရေး ခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### လိုက်လံနှုတ်ဆက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘများနှင့် ဆွေမျိုးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)မှ နည်းပြများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများနှင့် အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင် အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

○ စာမျက်နှာ ၅ မှ

လက်ရှိ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က လွှဲအပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် ဘက်လိုက်မှုကင်းကင်းနှင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေမှုများဖြစ်သကဲ့သို့ သမိုင်းမှတ်တမ်းကောင်းများလည်း ဖြစ်ကြောင်း၊ မိမိနိုင်ငံနှင့် တပ်မတော်၏ သမိုင်းကြောင်းများကို သိရှိအောင်လေ့လာ၍ မှန်မှန်ကန်ကန်သုံးသပ်ပြီး နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

☆ **တိုက်စွမ်းရည်ဆိုမှာ စစ်သည်တစ်ဦးချင်းစီ၏ အရည်အသွေး၊ အရည်အချင်းများပင်ဖြစ်ပြီး အဆိုပါ အရည်အသွေး၊ အရည်အချင်း မြင့်မားရန်အတွက် အမြဲပဲလေ့ကျင့်နေရမည်**

☆ **တိုက်စွမ်းအားဆိုသည်မှာ စစ်လက်နက်စွမ်းပကား၊ ယာဉ်ယန္တရားများနှင့် ခေတ်မီစစ်ဝတ်တန်ဆာများကို စွမ်းအားပြည့်အသုံးချနိုင်မှုပင်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်မြင့်တက်စေရန်အတွက် နည်းပညာဖွံ့ဖြိုးမှုနှင့်အညီ ပေါ်ပေါက်လာသည့် စစ်လက်နက်ပစ္စည်းများကို အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေရမည်**

နိုင်ငံ့အင်အား တောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်မတော်အင်အား တောင့်တင်းရမည်ဖြစ်သကဲ့သို့ **“ပြည်သူ့အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုရိုးအတိုင်း တပ်မတော်နှင့်ပြည်သူ စည်းလုံးညီညွတ်မှုသာ ခိုင်မာသည့် စည်းလုံးညီညွတ်မှုအင်အားကို ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် အခြေခံသည့် တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာစွာ တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်တွင်း စည်းလုံးညီညွတ်ရေး ခိုင်မာစေရန်အတွက် လက်အောက်စစ်သည်များနှင့် မိသားစုဝင်များအပေါ် မိသားစုသဖွယ်၊ ညီအစ်ကိုမောင်နှမသဖွယ် ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း။

မျက်မှောက် ကာလတွင် ဆန့်ကျင်ဘက် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် လူမှုကွန်ရက်များကို အသုံးပြုပြီး တပ်မတော် သိက္ခာကျအောင် ထိုးနှက် တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး မိသားစုဝင်များကို မှန်ကန်သည့် အသိ၊ အမြင်၊ ယုံကြည်ချက်၊ ခံယူချက် ဖြစ်ပေါ်စေရေးအတွက် မှန်ကန်သည့် ဦးဆောင် လမ်းညွှန်မှုများနှင့် တပ်တွင်း စည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက် သွားရမည်ဖြစ်ကြောင်း။ ထို့ပြင် တပ်တွင်း စည်းလုံးညီညွတ်ရေး ခိုင်မာအောင် တည်ဆောက်နိုင်ရန် သာမက တပ်ပြင်စည်းလုံးညီညွတ်ရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တပ်ပြင် စည်းလုံးညီညွတ်ရေး ခိုင်မာစေရန်အတွက် ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးနှင့်အညီ နေထိုင်ကျင့်ကြံသွားကြရမည် ဖြစ်ကြောင်း၊ ပြည်သူလူထုအပေါ် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပါကလည်း လူသားချင်းစာနာထောက်ထားမှု အပြည့်နှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အလိုက် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီ စောင့်ရှောက်ပေးခြင်းစသည့် လုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ သို့မှသာ တပ်မတော်နှင့် ပြည်သူ တစ်သားတည်းဖြစ်ပြီး တပ်ပြင်စည်းလုံးညီညွတ်ရေးသည်လည်း ခိုင်မာအားကောင်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းများတွင် တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးသည် အရေးကြီးသည့် အခြေခံအချက် ဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတာဝန်ယူ ကွပ်ကဲရသည့် လက်အောက်ငယ်သားများအပေါ် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ ရဲဘော်ရဲဘက်စိတ် အပြည့်ဖြင့် တရားမျှတစွာ ကွပ်ကဲအုပ်ချုပ်ပြီး ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ကြိုးစားသွားကြရန်၊ တိုက်စွမ်းရည်ပြည့်ဝသည့် တပ်ဖွဲ့ဝင်များ ဖြစ်စေရန်အတွက် လေ့ကျင့်ရေးကိုစစ်ဆင်ရေးတစ်ရပ်ကဲ့သို့ ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပေးအပ်လာသည့်တာဝန်ဟူသမျှကို မမှိတ်မသုန် ကျေကျေပွန်ပွန် ထမ်းဆောင်သွားကြရန်၊ ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူပြီး ဦးဆွေးဆံမြည့် တတ်စွမ်းသရွေ့ ကာကွယ်စောင့်ရှောက်သွားကြရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရမည့် အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြပါရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းသည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာခန်းမ၌ ထူးချွန်ဆုရဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြု အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နည်းပြများအနေဖြင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် လေ့ကျင့်သင်ကြားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားသည်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ဗထူးမြို့သည်လေ့ကျင့်ရေးဆိုင်ရာသင်တန်းကျောင်းကြီးများနှင့် လေ့ကျင့်ရေးအထောက်အကူပြု လက်ရုံးဝန်ထမ်းတပ်များ အခြေပြုရာ သမိုင်းအစဉ်အလာအရ ထူးခြားသည့် တပ်မြို့ဖြစ်ပြီး အဓိကတာဝန်သည် လေ့ကျင့်သင်ကြားပေးရန်ဖြစ်သည့်အတွက် လေ့ကျင့်သင်ကြားရေးနှင့်ပတ်သက်၍ ပီပီပြင်ပြင် လက်တွေ့ကျကျလေ့ကျင့်သင်ကြားပေးရန် လိုကြောင်း၊ ထိုသို့ စစ်ဘက်ဆိုင်ရာ အသိပညာနှင့် အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရာတွင် နည်းပြများအနေဖြင့် စေတနာထား၍ တတ်မြောက်သည်အထိ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိသိသလို၊ တတ်မြောက်သလို၊ ကျွမ်းကျင်သလို သင်တန်းသား များကိုလည်း တတ်သိကျွမ်းကျင်အောင်အိတ်သွန်ဖာမှောက် သင်ကြားပေးရန်လိုကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းသား တပည့်များကို ဆရာဂုဏ်ပြည့်ဝစွာဖြင့် လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း။

ထို့အပြင် တပ်မြို့တွင် နေထိုင်သော အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များအနေဖြင့် မိမိတို့တပ်၊ ကျောင်းများကိုသာမက မြို့နေလူထု၏ လုံခြုံရေးနှင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက်လည်း လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို မျက်ခြည်မပြတ် စောင့်ကြည့်၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုကြောင်း၊ တပ်မတော်သားများ တာဝန်ကိုကောင်းမွန်စွာ ထမ်းဆောင်နိုင်ရန် လေ့ကျင့်သင်ကြားပေးရာ၊ မွမ်းမံလေ့ကျင့်ပေးရာ သင်တန်းကျောင်းကြီးများရှိရာ မြို့ဖြစ်၍ တာဝန်ထမ်းဆောင်မှုအပေါ် ဂုဏ်ယူစွာဖြင့် မိမိအားပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုကြောင်း။

NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO အဖွဲ့များအနေဖြင့် နိုင်ငံရေးဖြစ်စဉ် ကမောက်ကမ ဖြစ်မှုများကြောင့် နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာကြသည့် လူငယ်၊ လူရွယ်များ၊ DCS နိုင်ငံ့ဝန်ထမ်းအချို့တို့အား လူသားချင်းစာနာထောက်ထားမှု အကြောင်းအရာခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများ ရယူကာ အကြမ်းဖက်သင်တန်းများ သင်ကြားပို့ချ၍ လက်နက်များ တပ်ဆင်ပေးကာ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်စေရန် မြှောက်ပင့်ပေးမှု၊ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင် ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အပါအဝင် အကြမ်းဖက်အဖွဲ့များ

စာမျက်နှာ ၈ သို့ ❖




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေး ခန်းမဆောင်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းဗိုလ်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မင်းသီဟ၊ ကျောင်းဆင်းဗိုလ်လောင်းများ၊ ၎င်းတို့၏ မိဘဆွေမျိုးများနှင့်နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင်နေရာယူကြသည်။ ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီး အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)ကို ၁၉၄၆ ခုနှစ်တွင် ပြင်ဦးလွင်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁ မှ ၁၆)အထိလည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇ မှ ၂၈) အထိလည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှ မှော်ဘီမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉ မှ ၈၂) အထိလည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မှော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၃ မှ ယနေ့အထိ) ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)မှ ကျောင်းဆင်းအရာရှိများအနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူတစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၄ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသူ ၄၁၁ ဦးအထိရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၇ မှ

ဒေသအလိုက် အမည်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့ပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ အကြမ်းဖက် လုပ်ဆောင်မှုများကြောင့် တိုင်းရင်းသားဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကိုထိခိုက်စေလျက်ရှိပြီး အချို့သောတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့်လည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုများနှင့်အတူတကွပူးပေါင်း၍ တရားဥပဒေနှင့်အညီ တိုက်ပွဲဝင်စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်တို့ဖြင့် တိုက်ခိုက်ချေမှုန်း နှိမ်နင်းလျက်ရှိပြီး အောင်မြင်မှုများစွာရရှိခဲ့ကြောင်း၊ ထိုသို့အောင်မြင်မှုရရှိခြင်းသည် အရာရှိ၊ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ စွမ်းရည်များကြောင့်ပင်ဖြစ်ကြောင်း၊ ထိုသို့တစ်ဦးချင်း၏ စွမ်းရည်များရရှိလာအောင် လေ့ကျင့်ရေးသင်တန်းကျောင်းကြီးများကပင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်၍ ရှေ့ဆက်၍လည်း နည်းပြများအနေဖြင့် သင်တန်းသားများကို ယခုထက်ပို၍ စနစ်တကျလေ့ကျင့်သင်ကြားပေးသွားကြရန် လိုကြောင်း။

နိုင်ငံရေးဖြစ်စဉ်နှင့် ပတ်သက်၍ NLD အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဆောင်ရွက်ပြီး နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီနိုင်ငံ့အရေးအတွက်နိုင်ငံတော်တာဝန်များကို ခေတ္တထိန်းသိမ်းထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်ချိန်မှ စတင်၍ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့် ပါတီအား နိုင်ငံတော်၏ တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော် တာဝန်များကို စတင်တာဝန်ယူ ဆောင်ရွက်ခဲ့ရချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် အကြမ်းဖက် လုပ်ရပ်များကိုပင် လုပ်ဆောင် လာခဲ့ကြကြောင်း၊ ယင်းအချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ဖြစ်ပေါ်နေသည့်ကာလဖြစ်ပြီး သစ္စာမဲ့သည့် နိုင်ငံ့ဝန်ထမ်းအချို့၏ လုပ်ငန်းခွင်စွန့်ခွာမှုများကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ အလားတူ ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါ မုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် ရာဂီမုန်တိုင်းတိုက်ခတ်မှု၏ နောက်ဆက်တွဲအဖြစ် နှစ်ပေါင်း ၁၀၀ အတွင်း မကြုံဖူးသော ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းနှင့် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းများနှင့် အခြားစိန်ခေါ်မှု ကြီးများကိုလည်း အခက်အခဲများကြားမှ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သဖြင့် နောက်ပိုင်းတွင်အကြမ်းဖက်မှုများ တဖြည်းဖြည်းလျော့ပါးသွားခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် မိမိတို့အနေဖြင့် မဲစာရင်းများမှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ရွေးကောက်ပွဲတွင်နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင် ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တက်ကြွစွာဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များဖြင့် စနစ်တကျ မဲပေးခြင်းများကို မိတ်ဖက်နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများမှ ရွေးကောက်ပွဲလာရောက်လေ့လာ စောင့်ကြည့်သူများ၊ ပြည်တွင်း/ပြည်ပ မီဒီယာများ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း၊ ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်း မှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း။

ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်သဖြင့် မကြာမီလာမည့် မတ်လတွင် လွှတ်တော်ခေါ်ယူ၍ အစည်းအဝေး ကျင်းပနိုင်ရေး ကြိုတင် ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဧပြီလဆန်းပိုင်းတွင် သမ္မတရွေးချယ်တင်မြှောက်၍ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းကာ နိုင်ငံတော်၏ တာဝန်ကို ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများမည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး အကြီးအကဲများက ကြိုးပမ်းဆောင်ရွက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသည့် နည်းပြများ အနေဖြင့်လည်း စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း တိတိကျကျ လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း။

ဗထူးတပ်မြို့သည် လေ့ကျင့်ရေးကျောင်းကြီးများရှိသကဲ့သို့ ခြေလျင်/ခြေမြန် တပ်ရင်းများ၊ လက်ရုံးတပ်ဖွဲ့များလည်း ရှိကြရာ တပ်ရင်း/တပ်ဖွဲ့နှင့် မိသားစုများအတွက် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကိုလည်း နိစ္စဓူဝသမားစဉ် လုပ်ငန်းများနှင့် အတူ အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လေ့ကျင့်ရေးကိုတစ်ဖက်မှာလည်း ကိုယ်တိုင်၊ သင်တန်းသားများပါ လေ့ကျင့်ပေးသကဲ့သို့ တပ်နယ်အတွင်းရှိ သန္ဓေအရာရှိ စစ်သည်များနှင့် မိသားစုများကို တိုက်ပွဲဝင်စိတ်ဓာတ်များ၊ စစ်မှုအတတ်ပညာများ သိရှိလိုက်နာနိုင်ရေးကိုလည်း လေ့ကျင့်ပေးနေရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့် ပတ်သက်၍ စစ်ဆင်ရေး၊လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ဒေါက်တိုင် ၃ ရပ်ကောင်းမွန်စွာ လည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ ဦး၊ ရေး၊ ထောက် လုပ်ငန်းများကို ဟန်ချက်ညီ ထိန်းကျောင်းသွားရန်လိုကြောင်း၊ ပုံမှန်ဆောင်ရွက်ရသော လုပ်ငန်းစဉ်ဖြစ်၍ တာဝန်ရှိသူများက စိတ်ဝင်တစား ဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

မကြာမီ မတ်လတွင် ကျင်းပတော့မည့် Grade-12 စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် တပ်နယ်များမှ ကျောင်းသား ကျောင်းသူများ ထူးချွန်စွာအောင်မြင်စေရေး တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြရန်နှင့် မိဘများအနေဖြင့်လည်း မိမိ၏ သားသမီးများအား ပညာအမွေပေးနိုင်ရန်၊ တန်းစဉ်ကူးပြောင်းမှုတွင် အတန်းပညာပြီးဆုံးသည်အထိ ပါဝင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဂရုတစိုက်ကြပ်မတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်မှ ပေးအပ်လိုက်သည့် စားသောက်ဖွယ်ရာ ပစ္စည်းများ၊ တိုင်းစစ်ဌာနချုပ်မှ ပေးအပ်သည့် ကြက်ဥများကို ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။ အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ပေါင်းစည်းလယ်ယာ (ဗထူးစမ်း)သို့ သွားရောက်၍ ဥစားကြက် (Novogen Brown) မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူထားရှိမှု၊ DYL ဝက်မွေးမြူထားရှိမှုနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ လယ်မြေသစ်များဖော်ထုတ်၍ ၎င်းလယ်မြေများတွင် နေကြာသီးညှပ်ရှစ်ဧက၊ ကုလားပဲ ရှစ်ဧက၊ ပဲပုပ် ၁၄ ဧကနှင့်အာလူး တစ်ဧကစိုက်ပျိုးထားရှိမှုများကိုကြည့်ရှုစစ်ဆေးရာ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) က သိရှိလိုသည်များကို မေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ပေါင်းစည်းလယ်ယာ (ဗထူးစမ်း) တွင် DYL ဝက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဗထူးတပ်နယ်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရပ်စောက်မြို့ရှိ မြို့မဘုရားကြီးကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၊ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား သွားရောက်ကြည့်ရှုအားပေး၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ဗထူး)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင်ရပ်စောက်မြို့ရှိ မြို့မဘုရားကြီးကျောင်းတိုက် ဆရာတော်အား သွားရောက် ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ပြည်သူများအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားကာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ဗထူး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ရပ်စောက်မြို့ မြို့ကုန်းရပ်ကွက် မြို့မဘုရားကြီး ကျောင်းတိုက် ပဓာနနာယက ဆရာတော် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတာရက အမှူးပြုသော သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ ဆွမ်းဆန်တော်၊ ဆီ၊ သကာ်န်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ရပ်စောက်မြို့ မြို့ကုန်းရပ်ကွက် မြို့မဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတာရက အား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် မြို့မဘုရားကြီး ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ရပ်စောက်မြို့ရှိ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အဖွဲ့ဝင်များသည် ဆေးရုံ တက်ရောက် ဆေးကုသမှုခံယူ လျက်ရှိသည့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို လိုက်လံမေးမြန်း အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် ဆေးရုံရှိ ခွဲစိတ်မှုဆိုင်ရာ ... 

ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် ဆေးရုံရှိ ခွဲတတ်မှုန်ခန်း၊ ခွဲတတ်ခွဲခန်း၊ တီဘီရောဂါရှာဖွေရေးဌာန၊ သွားနှင့် ခံတွင်းဌာနနှင့် ဆေးသိုလှောင်ခန်းများရှိ ရောဂါရှာဖွေရေးကိရိယာများ၊ ဆေးဝါးပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် တိုင်းစစ်ဌာနချုပ်မှပေးအပ်သည့် ကြက်ဥများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ဗထူး)သို့ သွားရောက်၍ ၂၀၂၆ ခုနှစ်၊ မတ်လတွင်ကျင်းပတော့မည့် Grade-12 စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အနီးကပ်သင်ကြားပေးနေမှုများ သွားရောက်ကြည့်ရှု အားပေး စကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး ရုံးခန်း၌ ကျောင်းတာဝန်ခံနှင့် ဆရာ ဆရာမများအား တွေ့ဆုံစဉ် တာဝန်ရှိသူများက ယခုနှစ် Grade-12 ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အောင်ချက် မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက် လေ့ကျင့်သင်ကြားနေမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ယခုနှစ် ဖြေဆိုကြမည့် Grade-12 စာမေးပွဲနှင့်ပတ်သက်၍ ယမန်နှစ် Grade-12 စာမေးပွဲအောင်ချက်ရာခိုင်နှုန်းနှင့် အဆင့်ထက်မလျော့ကျသွားအောင် ယခုနှစ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို ထူးချွန်စွာအောင်မြင်စေရန်နှင့် အောင်ချက်ရာခိုင်နှုန်း ဆက်လက် မြင့်မားစေရေး ရည်မှန်းချက်ထား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်၊ တန်းစဉ်ကူးပြောင်းမှုနှင့် ပတ်သက်၍ အတန်းအလိုက် နှစ်စဉ် အပြည့်အဝ တန်းစဉ်ကူးပြောင်းနိုင်ရေး တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် မိဘများက အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ မကြာမီအချိန်အတွင်း Grade-12 စာမေးပွဲဖြေဆိုကြရတော့မည် ဖြစ်သည့်အတွက် ကျန်ရှိသည့် အချိန်အတွင်း စာကျက်ချိန် မြှင့်တင်နိုင်ရေး Camp သွင်း၍ ကြပ်မတ်ဆောင်ရွက်သွားရန်၊ ထို့ပြင် ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများကို စာပေပညာ သင်ကြားပေးရာတွင် တန်းစဉ်အလိုက် စာကျေအောင်၊ စာတတ်အောင် လေ့ကျင့်သင်ကြားပေးကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ၊ တိုင်းစစ်ဌာနချုပ်မှ ပေးအပ်သည့် ကြက်ဥများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းအတွင်း ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး၏ အဖျားခတ်မှုကြောင့် ကျောင်းခြံစည်းရိုး အုတ်တံတိုင်း ပေ ၁၇၀ ခန့် ပြိုကျပျက်စီးမှု၊ စာသင်ဆောင် မျက်နှာကြက်များ ပြိုကျပျက်စီးမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရပ်စောက်မြို့ရှိ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ဗထူး)၌ Grade-12 စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အနီးကပ်သင်ကြားပေးနေမှုများကို ကြည့်ရှုစဉ်။

# ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များရောက်ရှိ၊ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို၊ တွေ့ဆုံဆွေးနွေး၊ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ၊ လေ့လာရေးခရီးသွားရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ တရားဝင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိလာသည့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha နှင့် ဇနီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ရောက်ရှိကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်နှင့် ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လေတပ်စခန်းသို့ ရောက်ရှိကြပြီး သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်ကာ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချ၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်စွန့်ခဲ့ကြသူများအား အလေးပြုကြပြီး ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှု စစ်ဆေးပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha က ဘုရင့်နောင်ရိပ်သာဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ လေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးအတွက် လေ့လာရေးခရီးစဉ်များ အပြန်အလှန် စေလွှတ်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲအပြီးတွင် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့်ဇနီးက တည်ခင်းဧည့်ခံသော ဂုဏ်ပြုနေ့လယ်စာစားပွဲကို Park Royal Hotel ၌ ပြုလုပ်ရာ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ တက်ရောက်ကာ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။ နေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဖျော်ဖြေရေးအဖွဲ့များက တေးသံသာများဖြင့် သီဆိုဧည့်ခံခဲ့ကြသည်။ ဂုဏ်ပြုနေ့လယ်စာ စားပွဲအပြီးတွင် နှစ်နိုင်ငံလေတပ်အကြီးအကဲများက အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ချစ်ကြည်ရေး ခရီးစဉ်လာရောက်စဉ် ကာလအတွင်း ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ကမ္ဘာအေးဘုရား၊ ဗိုလ်တထောင်ဘုရား၊ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့လည်းကောင်း၊ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၅၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၇ ခု ခွင့်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၂/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်နှစ်ခုကို လည်းကောင်း၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ခြင်း ကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၅ခု တို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၄၄ သန်းနှင့် ငွေကျပ် ၅၅၇၉၀၇ ဒသမ ၀၆၉ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၄၄၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် အိမ်ရာ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းတို့လည်း ပါဝင်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**ပံ့ပိုးကူညီဆောင်ရွက်**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်ဆည်မြို့အတွင်းရှိ ကျေးရွာ ငါးရွာမှ ပြည်သူများအား စားအုန်းဆီများ ရောင်းချပေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာနှင့် ရပ်ကွက်တစ်ရပ်ကွက်မှ ပြည်သူများအား ယမန်နေ့က ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီအရောင်းဆိုင်များမှ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၃၆၀ ဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် ရည်ညွှန်းဈေး တစ်ပိဿာ ငွေကျပ် ၆၂၅၀ ဖြင့် ဝယ်ယူခဲ့ပြီး ဦးတင်လင်းအောင်(အမေထွား) ဆီအရောင်းဆိုင်မှ ကောင်းတင်၊ ဓီးပင်ဝန်းကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၁၁၀၊ ဒေါ်သဇင်အောင်(နေလသုခ) ဆီအရောင်းဆိုင်မှ လက်ပန်၊ ဈေးကုန်းကျေးရွာပြည်သူများအား စားအုန်းဆီ ၃၄၂ ပိဿာ၊ ဒေါ်စန်းစန်းဌေး(နေလသုခ–၂)ဆီအရောင်းဆိုင်မှ ဆူးလေကုန်းကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၃၃၀ တို့အား အသီးသီး ရောင်းချပေးခဲ့ကြောင်း သိရသည်။

(၄၈၅)

ဝ–ဝ–ဝ–ဝ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ယာဉ်အသုံးပြုသူများ၊ လမ်းအသုံးပြုသူများ များပြားလာရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောကြပ်တည်းမှုများ မဖြစ်ပေါ်စေရေး ပြင်ဦးလွင်မြို့၏ အရှေ့ အနောက်၊ တောင်၊ မြောက်ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးများဖြစ်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)နှင့်(၁၀)ရှိ အရှည်ပေ ၈၇၀၀ ရှိ သီဂီလမ်း၊ အရှည် ၈၃၀၀ ပေရှိ နဝရတ်လမ်း၊ အရှည် ၇၃၁၃ ပေရှိ ရတနာလမ်း၊ အရှည်ပေ ၆၁၀၀ရှိ ပြည်သာယာလမ်း၊ အရှည်ပေ ၆၄၀၀ ရှိ မာလာယုဇနလမ်းတို့၏မူလလမ်းအကျယ်အား ၂၄ ပေအကျယ်ချဲ့ခြင်း၊ လမ်းပြုပြင်ခြင်း၊ ကတ္တရာလမ်းခင်းကျင်းခြင်းနှင့် လမ်း(၅)လမ်းအား Thermoplastic Paint ရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လမ်းဘေးပခုံးနှင့် ရေမြောင်းများ ဖောက်လုပ်နေမှုအခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြင်ဦးလွင်မြို့ ဘူတာအနီးရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အ·လ·က(၁) ကျောင်းဥပစာရှေ့တွင် ၁၀ ပေအကျယ်ရှိ လူသွားပလက်ဖောင်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)







# တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် စေတနာအလှူအဖြစ် လူဦးရေ ၄၀၀၀ ဦးအား စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်လှူခြင်းအခမ်းအနား ကျင်းပ





**မန္တလေး ဖေဖော်ဝါရီ ၂၅**

တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် New Starlight Construction Co.,Ltd. နှင့်မိတ်ဖက်ကုမ္ပဏီများစုပေါင်း၍ စေတနာအလှူအဖြစ် လူဦးရေ ၄၀၀၀ ဦးကို စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် Earthquake Memorial Wall ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ်၊ New Starlight Construction Co.,Ltd. မှ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယကောင်စစ်ဝန်ချုပ်နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယကောင်စစ်ဝန်ချုပ်နှင့် New Starlight Construction Co.,Ltd. မှ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းတို့က ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်တွင် လှုပ်ခတ်ခဲ့သော ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိ မန္တလေးငလျင်ကြီးကြောင့် မင်္ဂလာမန္တလေးအတွင်းရှိ ဆိုင်ခန်းအမှတ် Block-3 Unit-5 ရှိ ငလျင်ထိခိုက်ခဲ့သော အစိတ်အပိုင်းတစ်ခုအား နောင်လာနောက်သားများလေ့လာမှတ်သားနိုင်ရန်နှင့် ပြန်လည်အတူတကွ နိုးထလာခြင်း အထိမ်းအမှတ်အဖြစ် ထိန်းသိမ်းမှတ်တမ်းတင်ထားသည့် Earthquake Memorial Wall အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခြင်း၊ သတိရအောက်မေ့ဖွယ်ရာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ခြင်း၊ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

၎င်းနောက် တရုတ်နှစ်သစ်ကူးနှင့် မင်္ဂလာမန္တလေး(၁၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စေတနာအလှူ လှူဒါန်းခြင်းအခမ်းအနားကို Mandalay Square Promotion Area တွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ New Starlight Construction Co.,Ltd. ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တက်ရောက်လာကြသည့် ဧည့်သည်များက သတ်မှတ်နေရာများမှနေ၍ စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်းနှင့် ယနေ့ပေးအပ်လှူဒါန်းမှုတွင် New Starlight Construction Co., Ltd. ၏ ဦးဆောင်မှုနှင့်အတူ မိတ်ဖက်ကုမ္ပဏီများစုပေါင်း၍ အချိုရည်၊ မုန့်၊ မရွေး၊ Pawpaw Taro Bow ၊ ရွှေဆင်ခေါက်ဆွဲ၊ ရှမ်းမင်းသားခေါက်ဆွဲ၊ သကြား၊ ငါးပိ(200)g ၊ ဝက်အူချောင်း၊ ငါးသေတ္တာ၊ ဆပ်ပြာမှုန့်၊ ရေသန့်၊ ဘီစကစ်နှင့် ငွေကျပ် ၅၀၀၀၊ ဈေးဝယ်ကူပွန်အပါအဝင် စုစုပေါင်းငွေကျပ် ၇၅၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာပစ္စည်းအမျိုး ၂၀ ကျော်အား လူဦးရေ ၄၀၀၀ ဦးအတွက် စုစုပေါင်းငွေကျပ်သိန်း ၃၀၀၀ ခန့် တန်ဖိုးကို စေတနာလှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပသည်။





အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဘာသာရပ်အလိုက် ဆွေးနွေးပို့ချပေးမည့် ပါမောက္ခဆရာကြီး၊ဆရာမကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့်အနာဂတ်ကို တည်ထောင်နိုင်ရေးအတွက် ပညာရေးကဏ္ဍအားမြှင့်တင်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သိရှိပြီးသား သင်ခန်းစာများကို ပိုမိုပြည့်စုံအောင်၊ မေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်းများ၏ သဘောသဘာဝများ နားလည်သိရှိအောင်၊ ထူးချွန်စွာ ဂုဏ်ထူးများဖြင့် အောင်မြင်မှုရာခိုင်နှုန်းတိုးတက်မှု ပိုမိုမြင့်မားလာစေရန်မန္တလေးတက္ကသိုလ်မှ ဆရာကြီး၊ ဆရာမကြီးများက ပို့ချပေးခြင်းဖြစ်ရာ အလေးထားပြီး ဂရုစိုက်လိုက်နာမှတ်သားသွားကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကောင်းမွန်နေစေရန် အထူးဂရုစိုက် နေထိုင်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက်၊ တိုင်းပြည်အတွက် အသိပညာ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပိုမိုတိုးမြှင့်လာစေရန် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အစွမ်းကုန်ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆွေးနွေးပို့ချပေးမည့် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ တက်ရောက်သင်ယူကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းနှီးစွာနှုတ်ဆက်အားပေးခဲ့ကြသည်။





၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ မတ် ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်အသီးသီးမှ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများတွေ့ဆုံ၍ ဘာသာရပ်အလိုက် ဆွေးနွေးပို့ချမှုများကို ဖေဖော်ဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မြင်းခြံတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမ စုစုပေါင်း ၆၀ ဦးက အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း-ပလစ(၂)၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ပြင်ဦးလွင်)၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ကျောက်ဆည်)၊ အခြေခံပညာအထက်တန်းကျောင်း (တံတားဦး)၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(မိတ္ထီလာ)၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(မြင်းခြံ)၊အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရမည်းသင်း)၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(ကျောက်ပန်းတောင်း)တို့တွင် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၀၀၀ ဦးခန့်အား ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ၁၀ လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၉၀၀၀ နီးပါး တင်ပို့နိုင်ခဲ့

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဧပြီလမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအထိ ၁၀ လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၉၀၀၀ နီးပါး တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ထိုသို့တင်ပို့ရာတွင် ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၈၁၃၅ ဒသမ ၀၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃၁၅ သန်းရရှိခဲ့သည်။ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၈၁၅ ဒသမ ၇၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅၄ သန်း ရရှိခဲ့ပြီး ပြည်ပသို့ စုစုပေါင်း ပုစွန်မက်ထရစ်တန် ၈၉၅၀ ဒသမ ၈၆ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၆၉ သန်းရရှိခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ်ကာလတူက မက်ထရစ်တန် ၇၀၂၈ ဒသမ ၄၁၈ တန် တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ပုစွန်မက်ထရစ်တန် ၁၉၂၂ ဒသမ ၄၄၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့် ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။ **ရွှေမန်း**



# မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV suicide drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များ ထပ်မံထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးကပါ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ အဖွဲ့အစည်းအသီးသီးမှလည်း ကန့်ကွက်ရှုတ်ချလျက်ရှိကြရာ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ယနေ့တို့တွင်လည်း ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများစာပေနှင့် ယဉ်ကျေးမှုအသင်း၊ မြစ်ကြီးနားမြို့ရှိ အစ္စလာမ်ဘာသာရေးဆိုင်ရာအဖွဲ့အစည်း(၃)ခုနှင့် ဝတ်ပြုကျောင်းတော်များ၊ ဗမာတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း၊ ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်၊ လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ၊ မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း၊ လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း၊ ချင်းစာပေနှင့် ယဉ်ကျေးမှုအသင်းတို့ကလည်း ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း အောက်ပါအတိုင်း သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း

(၂၀-၂-၂၀၂၆)ရက်နေ့ ည(၈:၁၂)အချိန်၌ စစ်ရေးနှင့်မသက်ဆိုင်ဘဲ အများပြည်သူများ အသုံးပြုလျက်ရှိသည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ လေဆိပ်သည် ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်ပြီး အများပြည်သူများသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများအတွက် များစွာအထောက်အကူပြု အသုံးပြုလျက်ရှိသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာ KIA နှင့် PDF ပူးပေါင်းအဖွဲ့များက FPV Suicide Drone များအသုံးပြု၍ ယုတ်မာပစ်ခတ်တိုက်ခိုက် အကြမ်းဖက်ခဲ့သော တိုင်းပြည်ဖျက်ဆီး KIA နှင့် PDF အကြမ်းဖက်လုပ်ရက်အား ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ

## ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများစာပေနှင့်ယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်**

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများစာပေနှင့် ယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများစာပေနှင့်ယဉ်ကျေးမှုအသင်း

## မြစ်ကြီးနားမြို့ရှိ အစ္စလာမ်ဘာသာရေးဆိုင်ရာ အဖွဲ့အစည်း(၃)ခုနှင့် ဝတ်ပြုကျောင်းတော်များ၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာချက်

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်**

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့က Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ သိရှိရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့၏ ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ မြစ်ကြီးနားမြို့ရှိ အစ္စလာမ်ဘာသာရေးဆိုင်ရာအဖွဲ့အစည်း (၃) ခုနှင့် ဝတ်ပြုကျောင်းတော်များမှ လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။



## ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅ )ရက်**

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား မသမာသူများက ဖေဖော်ဝါရီလ(၂၀)ရက် ညပိုင်းတွင် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လုပ်ရက်အပေါ် ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်
စီတာပူ၊ မနောင်ကွင်း၊ မြစ်ကြီးနားမြို့။

## လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ သဘောထားထုတ်ပြန်ချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်**

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ(၂၀)ရက် ညပိုင်းတွင် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အပေါ် လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ

## ဗမာတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်**

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ဗမာတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗမာတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

## မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီမှ သဘောထားထုတ်ပြန်ချက်

ရက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့်ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား မြန်မာနိုင်ငံလီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ

## မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ပါရီလ (၂၅)ရက်

၁။ မြစ်ကြီးနားလေဆိပ်၌ ခရီးသည်များတင်ဆောင်ပြီး မန္တလေးမြို့သို့ထွက်ခွာရန် ပြင်ဆင်နေသော မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသည့် အဖွဲ့အစည်းများက ဖေဖော်ဝါရီလ ၂၀ ရက် ညနေပိုင်းတွင် FPV Suicide Drone ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အကြမ်းဖက်လုပ်ရပ်အပေါ် ရဝမ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ရဝမ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း

## လော်ဝေါစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် သောင်းကျန်းသူအဖွဲ့များအား လော်ဝေါစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

လော်ဝေါစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း

## ချင်းစာပေနှင့်ယဉ်ကျေးမှုအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်

၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့၊ ည (၈:၀၀) ဝန်းကျင်အချိန်ခန့်တွင် မြစ်ကြီးနားလေဆိပ်၌ မြစ်ကြီးနားမှ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား မသမာသူလူတစ်စုက FPV-Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မည်သည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်းအား ကချင်ပြည်နယ်၊ ချင်းစာပေနှင့်ယဉ်ကျေးမှုအသင်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ချင်းစာပေနှင့် ယဉ်ကျေးမှုအသင်း

◎ စာမျက်နှာ ၂၄ မှ

ဖေဖော်ဝါရီလ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့အနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၏ အနောက်မြောက်ဘက် ၃၀ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးများ ထုတ်လုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းခြင်းများ သွားရောက်ဆောင်ရွက်ရာ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့၏ အရှေ့တောင်ဘက် ၁၉ ကီလိုမီတာ (ဝမ်လုံးကျေးရွာ၏ တောင်ဘက် ၈ ကီလိုမီတာခန့်) အကွာနေရာ၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော Promethazine တံဆိပ်ပါ ချောင်းဆိုးပျောက်ဆေးရည် ဘူး ၁၀၀ (၅၀ ဘူးစီပါ နှစ်ဖာ)၊ Food Colour တံဆိပ်ပါ အပြာရောင်ဆေးဘူး အကြီး ၁၈ ဘူးနှင့် ဘူးအသေး ၄၁ ဘူး၊ စိစစ်ဆဲဆေးရည်ပုလင်းအသေး အလုံး ၅၀၀၊ မျောက်ခေါင်း တံဆိပ်ပါအနံ့ဆေးရည် ၁၅ ဖာ (တစ်ဖာလျှင် ဘူး ၂၀ ခန့်)၊ စိစစ်ဆဲအဖြူရောင်အမှုန့် ဆာလာအိတ် တစ်ဝက်ခန့်စီပါ ခြောက်အိတ်၊ ဘိန်းမည်း သုံးထုပ်၊ ဘိန်းဖြူ ဘလောက်တုံးတစ်တုံး၊ စိစစ်ဆဲ အနက်ရောင် အထုပ် တစ်ထုပ်၊ အဖြူရောင်ပုံဆောင်ခဲ တစ်ကီလိုဂရမ်စီပါ ကိုးထုပ်၊ တိပ်ဝါများပိတ်ထားသည့် WY ဆေးပြား ၆၀၀၀ ခန့်ပါ ၁၂ စည်း၊ ၉၉၉ တံဆိပ်ပါ တိပ်ဝါပတ်လျက် WY ဆေးပြား ၁၀၀၀၀ ခန့်ပါ ၁၀ စည်း၊ ထုပ်ပိုးရခြင်းမရှိသေးသည့် WY ဆေးပြား ဆာလာအိတ် တစ်ဝက်ခန့်စီပါ ၁၂ အိတ်၊ ဆာလာအိတ်တစ်ဝက်ခန့်စီ ထည့်ထားသော WY ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည်ဟု ယူဆရသည့် ဆေးမှုန့် ၁၂ အိတ်၊ ရိုက်တံမိုနှစ်ဖာနှင့် ဆက်စပ်ပစ္စည်းများ ထည့်သွင်းထားသည့် အပြာရောင်ဘူးကြီး ၁၄ ဘူး၊ ကီလိုချိန်စက်သုံးလုံး၊ မီးစက်အကြီးတစ်လုံး၊ မွှေစက် အသေးသုံးလုံးနှင့် အခြောက်ခံဗန်း ဆိုဒ်စုံ ၃၂ ခု တို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ ဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျ စိစစ်ဖော်ထုတ်ကာ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂ အပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင်ပါဝင်သည့် ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နိုင်သည့် နေရာများအား ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်း၊ ကျောင်းသား လူငယ်အရွယ်များမှစတင်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည့် လုပ်ငန်းစဉ်များကို ဒေသခံပြည်သူလူထုနှင့်လက်တွဲ၍ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယခုသိမ်းဆည်းရမိသည့်မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် အဖွဲ့အစည်းများကိုလည်း ထိရောက်ပြင်းထန်စွာ အရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝမ်လုံးကျေးရွာအနီး မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာအား မူးယစ်ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ တွေ့ရစဉ်။





ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝမ်လုံးကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်း/တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၆၀)၊ ဦးပိုင်အမှတ်(၅-ဆ)၊ ဧရိယာ(၀ ဒသမ ၁၅၁၇)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ပန်းအိဖြိုး အမည်ပေါက် ဘိုးဘပိုင်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်၏(အေ-၂)ဟုခေါ်တွင်သော မြေကွက်၏တောင်ဘက်ခြမ်းအပိုင်းဖြစ်သည့် အရှေ့-အနောက် ၂၅ ပေ၊ တောင်-မြောက် ၁၀ ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ၁။ဒေါ်ညိုဆင့်(ဘ)ဦးရှပ်ဆိုး(၉/မရတ(နိုင်)၀၈၂၉၉၂)၊ ၂။ဦးညီမင်းခန့်(ဘ)ဦးမင်းဇော်(၉/ခမစ(နိုင်)၀၅၇၂၃၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မြ(ဘ)ဦးသောင်းရွှေ(၉/မရတ(နိုင်)၁၂၈၆၇၇)က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဆန်းဝေယံမင်းခန့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၄၅၀)**
**အကွက်(၃၉၀)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၀၈၁၆၆၅၅၊ ၀၉-၇၄၀၀၂၇၅၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ စမ်းသီတာရပ်၊ အကွက်အမှတ်(၄၈၉)၊ ဦးပိုင်အမှတ်(၁၂)အတွင်းမှ မြေကွက်၏အနောက်ဘက်ခြမ်းဖြစ်သည့် လားရာအရပ်မှာ အရှေ့လားသော်-ဒေါ်လုံးလုံးမြေအစပ်၊ အနောက်လားသော်-ဦးညိုလှမြေအစပ်၊ တောင်လားသော်-လမ်းမြေအစပ်၊ မြောက်လားသော်-ဦးမောင်မြင့်+ဒေါ်စီစီမြေအစပ် စသည့် နယ်လေးရပ်အတွင်းတည်ရှိသည့် အရှေ့-အနောက် ၁၅ ပေ၊ တောင်-မြောက် ပေ ၂၀ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကြည်စိုး(ဘ)ဦးအောင်ကြည်(၉/မရတ(နိုင်)၀၅၀၆၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ၁။ဒေါ်ညိုဆင့်(ဘ)ဦးရှပ်ဆိုး(၉/မရတ(နိုင်)၀၈၂၉၉၂)၊ ၂။ဦးညီမင်းခန့်(ဘ)ဦးမင်းဇော်(၉/ခမစ(နိုင်)၀၅၇၂၃၅)တို့က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဆန်းဝေယံမင်းခန့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၄၅၀)**
**အကွက်(၃၉၀)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၀၈၁၆၆၅၅၊ ၀၉-၇၄၀၀၂၇၅၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၀)၊ ဦးပိုင်နံပါတ်(၁၅)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (ပေ ၆၀ × ၄၅ ပေ)အကျယ်အဝန်းရှိ ဦးထွန်းအောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ မြောက်ဘက်ခြမ်း(ပေ ၃၀ × ၄၅) ပေ)ထဲမှ တောင်ဘက်ပိုင်း(၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမင်းသိန်း(ဘ)ဦးလှမြင့်(၉/မနတ(နိုင်)၀၈၃၄၃၄)နှင့် ဒေါ်ခင်နွဲ့ရီ(ဘ)ဦးလှမောင်(၉/မခန(နိုင်)၁၄၄၆၉၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တလင်းကြီးကျေးရွာ၊ ကွင်းအမှတ်(၅၈၄/ဝဲကြီးဆင်ရွာ)၊ ဦးပိုင်အမှတ်(၁၇-ခ/၁)၊ မြေအမျိုးအစား(ကိုင်းမြေ)၊ ဧရိယာ(၅ ဒသမ ၁၄)ဧက အကျယ်အဝန်းရှိ ဦးစံသိန်း အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိထားသော ကိုင်းမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ သွပ်မိုးထရံကာ(၁)ထပ် အဆောက်အအုံ၊ အဝီစိရေတွင်း၊ စိုက်ပျိုးသစ်ပင်၊ ပေါက်ရောက်သစ်ပင်အပါအဝင် ဆက်လက်လုပ်စားပိုင်ခွင့်၊ ပိုင်ဆိုင်အသုံးချခွင့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် (အဘ)ဦးချစ်ရွှေ၏ သားသမီးများဖြစ်ကြသည့် ၁။ဒေါ်အမာတင်(၉/မနတ(နိုင်)၀၄၈၅၅၇)၊ ၂။ဒေါ်အမာစိန်(WMDY-၃၃၃၀၉၈)၊ ၃။ဒေါ်အမာရင်(၉/မနတ(နိုင်)၀၄၈၈၉၂)၊ ၄။ဒေါ်ခင်ဆွေဝင်း(၉/မနတ(နိုင်)၀၄၈၁၆၀)၊ ၅။ဦးမြင့်သိန်း(၉/မနတ(နိုင်)၀၄၈၅၀၇)၊ ၆။ဦးမြင့်စိုး(၉/မနတ(နိုင်)၀၄၈၄၁၉)နှင့် ၇။ဦးသိန်းဦး(ဘ)ဦးစံသိန်း(၉/မနတ(နိုင်)၀၄၈၆၁၀)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**(ရှေ့နေဦးခင်မောင်ဝင်း) B.A, H.G.P, RL(II), DBL ၏တပည့်များ**
**ဦးစိုင်းဝဏ္ဏ(LL.B) ဦးသူရလင်း(LL.B)**
**(တရားလွှတ်တော်ရှေ့နေများ)**
**UKMW-LAW FIRM**
**အကွက်(၇၇၅)၊ ၂၈လမ်းနှင့် လမ်း၇၀ထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၀၅၀၆၂၊ ၀၉-၂၅၉၁၁၁၈၇၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၅၉/က၊ အုန်းချောအရှေ့)၊ ဦးပိုင်အမှတ်(င/၇၁)၊ မြေကွက်ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက ဦးစိုးတင့် ဂရန်အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူကာ တရားဝင်လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလှိုင်ဘွား(ဘ)ဦးဝင်းမောင်(၉/မဟမ(နိုင်)၀၁၃၁၄၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးအေးမင်းထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၇၁)၊ အမှတ်(၈)ရပ်ကွက်၊ ထုံးဘိုးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၇၉၇၃၄၈၂၅၂**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ စည်သာယာရပ်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(စ/၇၈၅)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဦးမြင့်သောင်း အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၂၉၁၄/၁၉၉၂-၁၉၉၃)အရ (၁၀-၁၁-၁၉၉၂)ရက်မှ (၁၁-၁၁-၂၀၂၂)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းမှာ ကုန်ဆုံးပြီးဖြစ်ပါ၍ အဆိုပါမြေနေရာအား ဦးမြင့်သောင်း(၉/မနမ(နိုင်)၀၆၂၉၄၆)အမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၈၈-ခ/၂၊ မတ္တရာအရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် ၁၂၂/၁(၁)၊ ဧရိယာ(၀ ဒသမ ၀၄)ဧကရှိ မြေနေရာအား ဦးချော(၉/မတရ(နိုင်)၀၂၇၂၉၅)အမည်ဖြင့် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရုံးအမှုတွဲအမှတ်(၁၀၂၅/၁၉၉၅-၁၉၉၆)၊ ဂရန်စာချုပ်အမှတ်(၉၅၈/၁၉၉၅-၁၉၉၆)အရ (၃-၄-၁၉၉၆)ရက်မှ (၂-၄-၂၀၂၆)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းမှာ ကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဦးချော(၉/မတရ(နိုင်)၀၂၇၂၉၅)အမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ
## (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၁၃)၊ ဦးပိုင်အမှတ်(၁) မြေကွက်ပေါ်တွင် ဦးကောင်းဆက်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၆၀၄၂၆)က SS(၂) ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ သုခမင်္ဂလာ(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၃/၈၇)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဦးကျော်ကျော်ညွန့်+ဒေါ်ခင်သူဇာဝင်းတို့ (၂)ဦး အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၁၀၄/၂၀၁၇-၂၀၁၈)၊ ဂရန်စာချုပ်အမှတ်(၁၂၁/၂၀၁၇-၂၀၁၈)အရ (၁၇-၁၂-၂၀၁၇)ရက်မှ (၄-၃-၂၀၂၂)ရက်အထိ နှစ်(၃၀)မြေငှားဂရန်အား(မူလသက်တမ်းအတိုင်း)ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းမှာ ကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဦးကျော်ကျော်ညွန့်(၇/ပမန(နိုင်)၁၁၁၃၅၂) + ဒေါ်ခင်သူဇာဝင်း(၁၄/ဝခမ(နိုင်)၀၀၂၃၀၀)တို့ (၂)ဦး အမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကံသာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၄၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၈၃)ဧကရှိ မြေနေရာအား ဦးစိုင်းမင်းထွေး+ဦးစိုင်းမင်းထွန်း အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၈၈၁၅/၁၉၉၃-၁၉၉၄)အရ (၂၀-၄-၁၉၉၃)ရက်မှ (၁၉-၄-၂၀၂၃)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းမှာ ကုန်ဆုံးပြီးဖြစ်ပါ၍ အဆိုပါမြေနေရာအား ဦးစိုင်းမင်းထွေး(၉/ပသက(နိုင်)၀၇၆၇၅၇)၊ ဦးစိုင်းမင်းထွန်း(၉/ပသက(နိုင်)၀၇၆၆၂၆)တို့ (၂)ဦး အမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် ဦးစိုင်းမင်းထွေး(ပါ-၂)ဦး၏ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဒေါ်နွယ်နီဝင်း(၉/မထလ(နိုင်)၀၀၈၅၈၇)မှ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျီးကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၂၀/၁)၊ ဧရိယာ(၁ ဒသမ ၄၅)ဧကရှိ မြေနေရာအား ဦးမောင်မောင်၊ ဒေါ်မြင့်မြင့်ခင်တို့ (၂)ဦး အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၁၆၉၅/၁၉၉၄-၁၉၉၅)၊ ဂရန်စာချုပ်အမှတ်(၁၆၁၄/၁၉၉၄-၁၉၉၅)အရ (၁၀-၁၁-၁၉၉၄)ရက်မှ (၉-၁၁-၂၀၂၄)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး ဦးမောင်မောင်(ပါ-၂)ဦးထံမှ ဒေါ်အိသန္တာ၊ ဦးသူရကိုတို့(၂)ဦးသည် ဧရိယာ(၁ ဒသမ ၄၅)ဧကအနက်မှ ဧရိယာ(၀ ဒသမ ၆၁၄)ဧကအား ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး ထပ်မံပြီး ဒေါ်အိသန္တာ(၂)ဦးထံမှ ဦးစိုးတင့်(ခ)ဦးမိုဟာမက်အီဘရာဟင်သည် ၎င်းဧရိယာ(၀ ဒသမ ၆၁၄)ဧကအား ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးစိုးတင့်(ခ)ဦးမိုဟာမက်အီဘရာဟင်(၁၂/မဂတ(နိုင်)၀၈၀၃၅၈)အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

❖ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်း ၃ ပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့ပြီး ကျင်းပသည့်မြို့နယ်များအားလုံးတွင် ရာနှုန်းပြည့် ကျင်းပနိုင်ခဲ့...

❖ ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် တပ်မတော်အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ခြင်းပင်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်ကို စွမ်းအားပြည့် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အခြားနိုင်ငံများနည်းတူ မိမိတို့တပ်မတော်ကိုလည်း တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝသည့် ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ကြိုးစားတည်ဆောက်နေ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တက်ရောက် မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဗေယျကျော်ထင်စည်သူ ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏မိဘများနှင့် ဆွေမျိုးများ၊ တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ သို့





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်း တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝမ်လုံးကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝမ်လုံးကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော် အစိုးရနှင့် တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ နိုင်ငံတစ်ဝန်းမူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုများ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ

စာမျက်နှာ ၁၄ သို့



## မဟာယူနိုက်တက်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာ နေရှင်နယ်လိဂ် (Week-19) ပွဲစဉ်တစ်ပွဲဖြစ်သည့် မဟာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ရင်တာရီဟားမားနှင့် မျိုးဆက်ပိုင်တို့က သွင်းယူပေးခဲ့ကြသည်။

(NGB)